# လုပ်ငန်းခွင်ကျွမ်းကျင်မှုအရာထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၁၅) သင်တန်းဖွင့်ပွဲ

ရန်ကုန်မြို့၊ ဒီဇင်ဘာလ ၁ ရက်

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှု အရာထမ်းသင်တန်းအမှတ်စဉ် (၂/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁-၁၂-၂၀၁၅ ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်၌ ရန်ကုန်မြို့၊ လူမှုဖူလုံရေးအဖွဲ့ အလုံစတိုဝင်း အတွင်းရှိ လေးထပ်ဆောင်သင်တန်းခန်းမတွင် ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဖွင့်ပွဲအမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်မြို့ အလုပ်သမားဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းတာဝန်ခံအရာရှိ၊ သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လူမှုဖူလုံရေးရုံးခွဲများမှ ရုံးခွဲတာဝန်ခံများ၊ သင်တန်းသား/သူများ တက်ရောက်ကြပါသည်။

အဆိုပါသင်တန်းသို့ လူမှုဖူလုံရေးအဖွဲ့မှ ဦးစီးအရာရှိ(၅၆)ဦး တက်ရောက်ပြီး သင်တန်းကို ၁-၁၂-၂၀၁၅ မှ ၁-၁-၂၀၁၆ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

FROM :AHLON FAX NO. :220847 1 Dec. 2015 1:32 P1


လူမှုဖူလုံရေးအဖွဲ့